ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

အမိန့်အမှတ်၊ ၇၂/၂၀၂၀

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၃၀ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019– COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရန် ရန်ကုန် တိုင်းဒေသကြီးအတွင်းမှ ၁၀ မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ တစ်မြို့နယ်၊ စုစုပေါင်း ၁၁ မြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ယင်းသို့ Stay at Home အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့သည့် မြို့နယ်များမှ (၁၀)မြို့နယ်တွင် COVID–19 ရောဂါထိန်းချုပ်မှုအခြေအနေ တိုးတက်လာသည်ကိုတွေ့ရှိရသဖြင့် ၁၄–၅–၂၀၂၀ ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အမိန့်အမှတ်(၅၀/၂၀၂၀)၊ ၂၅–၅–၂၀၂၀ ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အမိန့်အမှတ်(၅၇/၂၀၂၀)နှင့် ၁၄–၆–၂၀၂၀ ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အမိန့်အမှတ်(၆၆/၂၀၂၀)တို့ဖြင့် ယင်းမြို့နယ်များအား Stay at Home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်ခဲ့ပါသည်။

၃။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း COVID–19 ရောဂါကူးစက်ပျံ့ပွားမှုနှင့် ကပ်ရောဂါ ဗေဒဆိုင်ရာ အချက်အလက်များအရ ရောဂါထိန်းချုပ်မှုနှင့်စပ်လျဉ်း၍ တိုးတက်မှုရှိသည်ကို တွေ့ရှိ ရသဖြင့် ၁–၇–၂၀၂၀ ရက်နေ့၊ ၀၄:၀၀ နာရီအချိန်မှစတင်၍ အင်းစိန်မြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် Stay at Home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်။

MH
30.6.20

(ဒေါက်တာမြင့်ထွေး)

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၁မဆ(ဆ)၂၀၂၀/ ၁၁၁၈၃

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ( ၃၀ )ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

| | | |
|---|---|---|
| ညွှန်ကြားရေးမှူးချုပ် | } | မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် |
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | | ထည့်သွင်းကြေညာပေးပါရန်။ |

ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများအားလုံး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး/ ကုသရေး

ဦးစီးဌာနမှူးများအားလုံး